Towards Results in Education & English

Funded by: UKaid

# CPD AWARENESS RAISING

## လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမို သတိမူလာစေခြင်း



## UNIT 2: BENEFITS OF CPD

## ယူနစ် ၂။ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများ

### PARTICIPANT’S BOOK

### သင်တန်းသားများအတွက် စာအုပ်

Implemented by:

BRITISH COUNCIL

The Open University

VSO

montrose
Creating pragmatic solutions that make life better

# UNIT 2:

## BENEFITS OF CPD

# ယူနစ် ၂။

## လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများ

**Disclaimer**

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

# UNIT 2: BENEFITS OF CPD

## OVERVIEW

This is the **second of four units** in a CPD module which aims to raise awareness of the importance of CPD amongst both the Leadership Team and Teacher Educators in the 25 Education Colleges across Myanmar as your EDC establishes and maintains systems for CPD via the implementation of the MoE-CPD framework.

CPD Awareness Raising Units:

1. A Shared Understanding of CPD
2. **The Benefits of CPD**
3. Preparing and Planning for the CPD Framework in your EDC
4. Assessing the Effectiveness of your CPD Plan

The aim of this second unit is to provide TEs and members of the LT with suggestions for their own CPD based on:

- their own needs and interests;
- the needs of the EDCs within the CPD Framework;
- the use of collaborative CPD activities within departments with a focus on how these activities can have a positive impact on learning outcomes for STs.

## CONTENTS


| Section | Description | Materials | Page |
|---|---|---|---|
| Learning outcomes | Introducing the learning outcomes for the module | | 4 |
| 1. Review / Lead In | 1.1 Review of characteristics and activities<br>1.2 The purpose of CPD | | 6 |
| 2. CPD needs | 2.1 Can you advise this TE?<br>2.2 Identifying your own interests / needs | Case Study<br>CPD Framework for Education Colleges in Myanmar | 8<br>10 |
| 3. Benefits of CPD | 3.1 Benefits of collaborating with colleagues<br>3.2 Ideas for collaboration<br>3.3 Reflection | Jigsaw Reading Text<br>Matching task | 16<br>20<br>22 |
| 4. Practical application | 4. Working with colleagues to try out new ideas | | 24 |
| 5. Reflection | | | 26 |
| Appendix A | | | 28 |
| References | | | 30 |




# ယူနစ် ၂။ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများ

## ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိပညာရေးကောလိပ် ၂၅ ကျောင်းမှ ဦးဆောင်အဖွဲ့များ၊ ဆရာအတတ်သင် သင်တန်းဆရာ/မများအတွက် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အရေးပါပုံကို ပိုမိုသတိမူလာစေရန် ရည်သန်လျက် ပို့ချမည့် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဘာသာရပ် အခန်းလေးခန်းမှ ဒုတိယယူနစ် ဖြစ်ပါသည်။

၁. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)အပေါ်ညီတူညီမျှနားလည်ခြင်း
၂. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အကျိုးကျေးဇူး
၃. မိမိ၏ပညာရေး ဒီဂရီကောလိပ် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD) အညွှန်းဘောင်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း
၄. မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ထိရောက်မှုကို တိုင်းတာခြင်း

ဤဒုတိယယူနစ်ရည်ရွယ်ချက်မှာ အောက်ပါတို့ကိုအခြေခံလျက် ဆရာအတတ်သင် သင်တန်းဆရာ/မများ၊ ဦးဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုရန်ဖြစ်ပါသည်။

- ၎င်းတို့ကိုယ်တိုင်လိုအပ်ချက်နှင့် စိတ်ပါဝင်စားမှု
- CPD အညွှန်းဘောင်အတွင်း ပညာရေးကောလိပ်၏လိုအပ်ချက်
- ဆရာအတတ်သင် သင်တန်းသူ/သားတို့၏ သင်ယူမှု ရလဒ်အပေါ် ဌာနအတွင်း CPD ပူးပေါင်းလုပ်ဆောင်ချက်များမှ အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်စေရေး ဦးတည်ပေးလျက် အသုံးပြုခြင်း

## မာတိကာ


| ကဏ္ဍ | အကြောင်းအရာ | သုံးမည့်ပစ္စည်းများ | စာမျက်နှာ |
|---|---|---|---|
| သင်ယူမှုရလဒ်များ | အခန်းပိုင်း(MODULE)အတွက်<br>သင်ယူမှုရလဒ်များကို မိတ်ဆက်ခြင်း | | ၅ |
| ၁. ပြန်လည်သုံးသပ်/ အစပျိုးခြင်း | ၁.၁ စရိုက်လက္ခဏာနှင့် လုပ်ဆောင်ချက်များပြန်လည်သုံးသပ်ခြင်း<br>၁.၂ CPD ၏ရည်ရွယ်ချက် | | ၇ |
| ၂. CPD လိုအပ်ချက်များ | ၂.၁ ဤဆရာအတတ်သင် သင်တန်းဆရာ/မကိုအကြံပြုနိုင်ပါမလား<br>၂.၂ မိမိကိုယ်တိုင်၏ စိတ်ဝါဝင်စားမှုနှင့် လိုအပ်ချက်ကို ဖော်ထုတ်ခြင်း | အကြောင်းအရာ အခြေပြု လေ့လာမှု<br>မြန်မာနိုင်ငံပညာရေး ကောလိပ်များ အတွက် CPD အညွှန်းဘောင် | ၉<br>၁၁ |
| ၃. CPD ၏အကျိုးကျေးဇူး | ၃.၁ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းခြင်း၏ အကျိုးကျေးဇူး<br>၃.၂ ပူးပေါင်းဆောင်ရွက်မှုအတွက် အတွေးအမြင်များ<br>၃.၃ ပြန်လည်သုံးသပ်ခြင်း | အလှည့်ကျ ဖတ်ရှုဝေမျှခြင်း<br>(JIGSAW READING TEXT) တွဲပေးခြင်း | ၁၇<br>၂၀<br>၂၄ |
| ၄. လက်တွေ့အသုံးချမှု | ၄. လုပ်ဖော်ကိုင်ဖက်များနှင့် စိတ်ကူးသစ်များ စမ်းသပ်ကြည့်ခြင်း | | ၂၅ |
| ၅. ပြန်လှန်သုံးသပ်ခြင်း | CPD ဖွင့်ဆိုချက် | | ၂၇ |
| နောက်ဆက်တွဲ (က) | | | ၂၉ |
| ကျမ်းကိုး | | | ၃၀ |

## LEARNING OUTCOMES

By the end of this unit participants will be able to:

- identify the benefits of CPD for EDCs, LTs, TEs and Student Learning
- identify CPD needs for individual TEs and LTs against the CPD FW
- prioritise CPD needs according to the needs of the EDCs
- try out and reflect on a CPD activity with their peers.



## သင်ယူမှု ရလဒ်များ

ဤယူနစ်အဆုံးတွင် အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါမည်။

- ပညာရေးဒီဂရီကောလိပ် ဦးဆောင်အဖွဲ့၊ ဆရာအတတ်သင် သင်တန်းဆရာ/မနှင့် ကျောင်းသူ/သားများ သင်ယူမှုအတွက် CPD ၏အကျိုးကျေးဇူးများကိုဖော်ထုတ်ခြင်း
- CPD အညွှန်းဘောင်အရ ဆရာအတတ်သင် သင်တန်းဆရာ/မတစ်ဦးချင်းနှင့် ဦးဆောင်အဖွဲ့တို့အတွက် CPD လိုအပ်ချက်များကို ဖော်ထုတ်ခြင်း
- ပညာရေးဒီဂရီကောလိပ်၏ လိုအပ်ချက်များအရ CPD လိုအပ်ချက်များ ဦးစားပေးသတ်မှတ်ခြင်း
- သင်တန်းဖော်များနှင့်အတူ CPD လုပ်ဆောင်ချက်တစ်ရပ်ကို စမ်းလုပ်ကြည့်ပြီး ပြန်လည်သုံးသပ်ခြင်း

## 1.1 REVIEW

In Module 1 we looked at the characteristics of good CPD and different CPD activities. Can you put the examples from the box into the correct columns?

| Characteristics of good CPD | CPD activities |
|---|---|
| a. supported by effective leadership; | |

a. supported by effective leadership; b. a 2-day workshop; c. mentoring;

d. classroom based; e. work collaboratively with peers; f. training by experts;

Which of the CPD activities in column 2 are most effective? Why?

## 1.2 LEAD IN

In Unit 2 we will look at the benefits of CPD for LTs, TEs, EDCs and STs.
Look at the purposes of CPD listed below. Match the purpose with the main beneficiary – TEs, EDCs or STs?

**The purpose of CPD is.........**

1. ....to identify gaps in your skills and knowledge.
2......to think about activities to help you develop.
3......to develop your knowledge and skills.
4. ....to improve your college’s effectiveness.
5. ....to improve students’ learning.
6. .....to do your job more effectively.



## ၁.၁ ပြန်လှန်သုံးသပ်ခြင်း

ယူနစ် ၁ တွင် ကောင်းမွန်သော CPD နှင့် CPD လုပ်ဆောင်ချက်အမျိုးမျိုးကိုကြည့်ခဲ့ကြပြီ။ အကွက်ထဲမှ သာဓကများကို ကော်လံအမှန်တွင်း ထည့်ပေးပါ။

| ကောင်းမွန်သည့် CPD ၏စရိုက်လက္ခဏာများ | CPD လုပ်ဆောင်ချက်များ |
|---|---|
| | |

a. ထိရောက်သောဦးဆောင်မှုဖြင့် ပံ့ပိုးပေးသည် b. နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲ c. အနီးကပ်လမ်းညွှန်ခြင်း

d. စာသင်ခန်းအခြေပြုခြင်း e. လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း f. ကျွမ်းကျင်သူများမှ

ကော်လံ ၂ မှမည်သည့် CPD လုပ်ဆောင်ချက်များက အထိရောက်ဆုံးဖြစ်ပါသနည်း။ အဘယ်ကြောင့်နည်း။

## ၁.၂ အစပျိုးခြင်း

ယူနစ် ၂ တွင် ဦးဆောင်အဖွဲ့များ၊ ဆရာအတတ်သင် သင်တန်းဆရာ/မများ၊ ပညာရေးကောလိပ်များနှင့် ကျောင်းသူ/သားများ အတွက် CPD ၏အကျိုးကျေးဇူးကိုကြည့်ကြပါမည်။
အောက်ပါ CPD အကျိုးကျေးဇူးများကိုကြည့်ပါ။ ရည်ရွယ်ချက်နှင့် အဓိကအကျိုးခံစားရသူများတွဲပေးပါ။
သင်တန်းဆရာ/မများ၊ ပညာရေးကောလိပ် သို့မဟုတ် ကျောင်းသူ/သားများ - မည်သူဖြစ်နိုင်ပါသနည်း။

CPD ၏ရည်ရွယ်ချက်မှာ

၁. ..... မိမိ၏ ကျွမ်းကျင်မှုနှင့် အသိပညာအကြား ကွာဟချက်ကို ဖော်ထုတ်ရန်
၂. ..... မိမိကိုဖွံ့ဖြိုးစေနိုင်မည့် လုပ်ဆောင်ချက်များအကြောင်းတွေးရန်
၃. ..... မိမိ၏ အသိပညာနှင့် ကျွမ်းကျင်မှုကို ဖွံ့ဖြိုးစေရန်
၄. ..... မိမိကောလိပ်ကို ပိုမိုထိရောက်စေရန်
၅. ..... ကျောင်းသူ/သားများ သင်ယူမှုကို ပိုမိုကောင်းမွန်တိုးတက်စေရန်
၆. ..... မိမိအလုပ်ကို ပိုမိုထိရောက်အောင်လုပ်ရန်

## 2.1 CAN YOU ADVISE THIS TE?

Aye Aye wants some advice about different aspects of her own professional development.



*My whole professional experience is in education and teaching. First as a student at the Education College in Yankin and then as a student at the University of Education and finally as a Teacher Educator in Dawei. I have never actually taught in a primary school and now I wonder how I can help my Student Teachers prepare for this.*

*But I am still passionate about teaching. I still remember the teachers and teacher educators who inspired me when I was a student. In know a good teacher can make a big difference.*

*I have been teaching for more than 5 years but I think I still need to develop my teaching skills, refresh my English language skills, and learn more about ICT.*

1. Underline the things that are worrying this teacher. What advice would you give her?
2. Circle what is true for you too. Do you worry about the same things?



## ၂.၁ ဆရာအတတ်သင် သင်တန်းဆရာ/မကို အကြံပြုနိုင်ပါမလား

အေးအေးသည်သူမ၏ လုပ်ငန်းအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ အမျိုးမျိုးသောအကြံဉာဏ်အချို့ကို လိုချင်သည်။



ကျွန်မရဲ့လုပ်ငန်းခွင်အတွေ့အကြုံကတော့ ပညာရေးနဲ့ သင်ကြားရေးမှာပဲဖြစ်ပါတယ်။ ရန်ကင်းပညာရေးကောလိပ်မှာ၊ နောက်တော့ ပညာရေးတက္ကသိုလ်မှာ ကျောင်းတက်ခဲ့ပြီး အဆုံးမှာတော့ ထားဝယ်မှာဆရာအတတ်သင် ဆရာမဖြစ်ခဲ့ပါတယ်။ တစ်ကယ်တမ်းကျတော့ မူလတန်းမှာ ဘယ်တုန်းကမှ မသင်ဖူးပေမယ့် အခုကျတော့ ကျောင်းသူ/သားတွေကို ဘယ်လိုပြင်ဆင်ပေးရပါမလဲလို့တွေးမိပါတယ်။ ဒါပေမယ့် ကျွန်မဟာ သင်ကြားရေးအတွက် စိတ်အားထက်သန်ပါတယ်။ ကျောင်းသူဘဝက ကျွန်မကို စိတ်အားတက်စေခဲ့တဲ့ ဆရာ/မတွေကို သတိရနေပါသေးတယ်။

၁. ဆရာမစိတ်ပူသောအကြောင်းအရာများကိုမျဉ်းသားပေးပါ။ မည်သည့်အကြံပေးလိုပါသနည်း။
၂. မိမိအတွက် မှန်ကန်သည့်အချက်များကို စက်ဝိုင်း ဝိုင်းပေးပါ။ ဆရာမလိုပဲ စိတ်ပူနေပါသလား။

## 2.2 IDENTIFYING CPD NEEDS

**Task 1**: To help you identify your own professional interests, you are going to reflect on the list below. What professional development areas are most important for you and your EDC?

Read the list a – m.
In the ME column, √ (this interests me) or **x** (this doesn't interest me much).
In the MY EDC column, √ (this is important for my EDC) or **x** (this isn't so important for my EDC).

| | | ME | MY EDC |
|---|---|---|---|
| a. | using zoom | ______ | ______ |
| b. | creating strategic direction | ______ | ______ |
| c. | teaching young learners how to read | ______ | ______ |
| d. | developing your English language skills | ______ | ______ |
| e. | using action research to improve your teaching skills | ______ | ______ |
| f. | increasing motivation | ______ | ______ |
| g. | teaching students with special educational needs (SEN) | ______ | ______ |
| h. | creating facebook groups for remote delivery | ______ | ______ |
| i. | providing STs with constructive feedback | ______ | ______ |
| j. | gender mainstreaming | ______ | ______ |
| k. | teaching large classes | ______ | ______ |
| l. | assessment evaluation and testing | ______ | ______ |
| m. | use of new technologies and digital literacies | ______ | ______ |



## ၂.၂ CPD လိုအပ်ချက်ဖော်ထုတ်ခြင်း

**လုပ်ဆောင်ချက် ၁** - လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ပါဝင်စားသည်များကို ဖော်ထုတ်ရန် အောက်ပါစာရင်းကို ကြည့်ပါ။

သင်နှင့် သင့်ပညာရေးကောလိပ်အတွက် မည်သည့်လုပ်ငန်းအတတ်ပညာဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်က အရေးအကြီးဆုံးဖြစ်ပါသနည်း။

စာရင်းကို a-m တိုင်ဖတ်ပါ။
ME (မိမိ)ကော်လံတွင် (စိတ်ဝင်စားလျှင်) √ အမှန်ခြစ်ပြီး (သိပ်စိတ်မဝင်စားလျှင်) **x** အမှားခြစ်ပါ။
MY EDC (မိမိကျောင်း)ကော်လံတွင် (မိမိEDCအတွက်အရေးကြီးလျှင်) √ အမှန်ခြစ်ပြီး (သိပ်အရေးမကြီးလျှင်) **x** အမှားခြစ်ပါ။

| | | မိမိ | မိမိ၏ ပညာရေးကောလိပ် |
|---|---|---|---|
| a. | Zoom သုံးခြင်း | ______ | ______ |
| b. | မဟာဗျူဟာကျသည့် ဦးတည်ချက်ချမှတ်ခြင်း | ______ | ______ |
| c. | ကလေးငယ်များအား စာဖတ်ပုံသင်ကြားပေးခြင်း | ______ | ______ |
| d. | မိမိအင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုဖွံ့ဖြိုးစေခြင်း | ______ | ______ |
| e. | မိမိသင်ကြားရေးကျွမ်းကျင်မှုဖွံ့ဖြိုးစေရန် action research သုံးခြင်း | ______ | ______ |
| f. | ပိုမိုစိတ်အားတက်ကြွစေခြင်း | ______ | ______ |
| g. | အထူးလိုအပ်ချက်ရှိသည့်ကလေးများ(SEN)အားသင်ကြားခြင်း | ______ | ______ |
| h. | အဝေးမှသင်ကြားနိုင်အောင် Facebook groups ဖွဲ့ခြင်း | ______ | ______ |
| i. | ကျောင်းသူ/သားများအား အပြုသဘောဆောင် တုံ့ပြန်ဖြေကြားခြင်း | ______ | ______ |
| j. | ကျား/မ မခွဲခြားဘဲ အများပါဝင်အောင်တွဲခေါ်ခြင်း | ______ | ______ |
| k. | လူများသည့်အတန်းအားသင်ကြားခြင်း | ______ | ______ |
| l. | စစ်ဆေးအကဲဖြတ်ခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းနှင့် စာမေးပွဲစစ်ခြင်း | ______ | ______ |
| m. | နည်းပညာသစ်အသုံးချမှုနှင့် digital တတ်မြောက်မှု | ______ | ______ |

**Task 2**: Complete the Venn diagram below with your professional needs and the needs of you EDC.

**My needs / interests** **My EDC's needs**



**Task 3**: Match a – m with the categories from the new CPD framework for Education Colleges in Myanmar.

1. upgrading pedagogical skills ______________________
2. developing research skills ______________________
3. upgrading English language skills ______________________
4. equity and inclusive education ______________________
5. developing leadership and management skills ______________________
6. upgrading ICT skills ______________________



**လုပ်ဆောင်ချက် ၂** - အောက်ပါ Venn diagram တွင် မိမိ၏လုပ်ငန်းခွင်လိုအပ်ချက်နှင့် မိမိ EDC ၏ လိုအပ်ချက်များဖြည့်ပါ။

**မိမိလိုအပ်ချက်/စိတ်ပါဝင်စားမှု** **မိမိ EDC ၏လိုအပ်ချက်များ**



**လုပ်ဆောင်ချက် ၃** - မြန်မာပညာရေးကောလိပ်များအတွက် CPD အညွှန်းဘောင်နှင့် a-m မှအကြောင်းအရာများတွဲပေးပါ။

၁. သင်ကြားရေးစွမ်းရည်မြှင့်တင်ခြင်း ______________________

၂. သုတေသနစွမ်းရည် ဖွံ့ဖြိုးစေခြင်း ______________________

၃. အင်္ဂလိပ်ဘာသာစကားစွမ်းရည်မြှင့်တင်ခြင်း ______________________

၄. သာတူညီမျှရှိပြီး အားလုံး အကျုံးဝင်သည့်ပညာရေး ______________________

၅. ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးစေခြင်း ______________________

၆. ICT ကျွမ်းကျင်မှုမြှင့်တင်ခြင်း ______________________

**Task 4**: Refer to the extract from the **CPD Framework for Education Colleges in Myanmar** (Appendix A)

1. Which categories were not included in the list above?
2. Can you think of one example for each of these categories?

3. Is there anything from this new list that you would like to add to your Venn Diagram?



**လုပ်ဆောင်ချက် ၄ -** မြန်မာပညာရေးကောလိပ်များအတွက် CPD အညွှန်းဘောင် (နောက်ဆက်တွဲ က) မှ ကောက်နုတ်ချက်ကိုကြည့်ပါ။

၁. အထက်ပါစာရင်းတွင် မည်သည့်အမျိုးအစားများထည့်မထားပါသနည်း။

၂. တစ်မျိုးစီအတွက် ဥပမာတစ်ခုစီ စဉ်းစားပေးနိုင်ပါသလား။

၃. ဤစာရင်းသစ်မှ သင့်Venn diagram တွင် ထပ်ထည့်လိုသည်များ ရှိပါသလား။

## 3.1 BENEFITS OF COLLOBORATING WITH COLLEAGUES

Adapting and trying out examples of good practice can benefit your learners and your teaching enormously. Collaborating with colleagues in your own EDC also provides opportunities to learn with and from others.

Read what these TEs says about their classes. What is worrying them? Underline their problems.



**Nay Lin**

*I know I am finishing our new textbook faster than my colleagues and we are supposed to be working at the same pace. I wonder, are their learners slower than mine? Or do I teach too fast? Sometimes I ask the STs to finish things at home or after class, and I don't always do everything in the book. I want to find out what is happening.*

**May Zin**



*The last time I was observed was a total disaster. I planned a lesson that I thought would be really exciting for my STs, using a lot of realia, many pictures and handouts, with new activities I found on the internet. And also a lot of technology – because I wanted my principal to think I was really creative. But I am sorry to say the lesson was a disaster from start to finish. My learners did not know what was going on. It was like I was a different person. Everything went wrong. I mixed up the handouts. I didn't completely understand the new activity myself. I didn't have the answers to the questions, and the internet didn't work. I had planned to do so much and we didn't even finish half.....it was terrible.*



## ၃.၁ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ

ကောင်းမွန်သည့်အလေ့အကျင့်များကို သင့်တော်အောင်ပြုပြင်အသုံးချခြင်း၊ စမ်းသပ်လုပ်ဆောင်ကြည့်ခြင်းဖြင့် ကျောင်းသူ/သားများနှင့် သင့်သင်ကြားရေးအပေါ် အကျိုးကျေးဇူး ကြီးကြီးမားမား ဖြစ်ထွန်းစေနိုင်ပါမည်။ သင့်ပညာရေးကောလိပ်မှ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အခြားသူများနှင့် အတူတူလေ့လာရန်နှင့် ၎င်းတို့ထံမှ သင်ကြားရန် အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

မိမိတို့၏ အတန်းများအကြောင်း အောက်ပါ ဆရာ/မတို့၏အဆိုကိုဖတ်ပါ။ မည်သည်ကို စိတ်ပူပန်နေပါသနည်း။ ၎င်းတို့ ပြဿနာများကို မျဉ်းသားပါ။



**နေလင်း**

စာသင်နှုန်းအတူတူ သင်ရမယ်ဆိုတာ သိပေမယ့် ဖတ်စာအုပ်သစ်ကို စာသင်ဖော်ဆရာ/မတွေထက် ကျွန်တော်ပိုပြီးစောစောပြီးသွားနေတာ သိပါတယ်။ ကျွန်တော်တွေးမိတာက သူတို့တပည့်တွေက ကျွန်တော့်တပည့်တွေထက် ပိုနှေးနေသလား။ ကျွန်တော်ကပဲ သင်တာမြန်လွန်းနေသလား။ တခါတရံ ကျောင်းသူ/သားတွေကို အိမ်မှာ သို့မဟုတ် စာသင်ချိန်နောက်ပိုင်း အပြီးလုပ်ခိုင်းတယ်။ စာအုပ်ထဲပါတဲ့အရာတိုင်း အကုန်မလုပ်ပါဘူး။ ဘာတွေဖြစ်နေသလဲဆိုတာ သိချင်ပါတယ်။

**မေဇင်**



ပြီးခဲ့တဲ့ တစ်ကြိမ်မှာ ကျွန်မကို လေ့လာကြည့်ရှုတော့ အခြေအနေ အတော်ဆိုး ခဲ့ပါတယ်။ ဆရာအတတ်သင် ကျောင်းသူ/သားတွေအတွက် တကယ့်ကို စိတ်လှုပ်ရှားစရာ ကောင်းမယ်ထင်တဲ့ သင်ခန်းစာကို ပစ္စည်းစစ်၊ ရုပ်ပုံတွေ၊ ဝေစရာစာရွက်တွေ၊ အင်တာနက်ပေါ်တွေ့တဲ့ လုပ်ဆောင်ချက် အသစ်တွေနဲ့ ပြင်ဆင်ခဲ့တယ်။ နည်းပညာလည်း အများကြီးသုံးခဲ့တယ်။ ကျောင်းအုပ်ကြီးက ကျွန်မကို တစ်ကယ့်ကို တီထွင်ဖန်တီး နိုင်တယ်လို့ ထင်စေချင်လို့ပါ။ ပြောရမှာတော့ စိတ်မကောင်းစရာပါ။ သင်ခန်းစာ အစအဆုံး အလုံးစုံ ပျက်စီးခဲ့တယ်။ ကလေးတွေကဘာဖြစ်လို့ ဖြစ်နေမှန်းလည်းမသိဘူး။ ကျွန်မ ဆိုလည်း ပြောင်းလဲသွားသလိုပဲ။ အားလုံးအမှားမှားအယွင်းယွင်းဖြစ်ခဲ့တယ်။ ဝေစရာ စာရွက်တွေလည်းရောသွားတယ်။ လုပ်ဆောင်ချက်အသစ်ကိုလည်း အပြည့်အဝ နားမလည်။ မေးခွန်းတွေလည်း ဖြေစရာအဖြေမရှိ။ ပြီးတော့ အင်တာနက်ကလည်း အလုပ်မဖြစ်။ အများကြီးပြင်ဆင်ခဲ့ပြီး တစ်ဝက်တောင် မပြီးပါဘူး..... ဆိုးဝါးလိုက်တာ။

**Nay Lin**

Do you think it is possible to work with different classes at the same pace using the same materials and the same curriculum? Why / why not?

Do you experience the same problem as Nay Lin?

What advice would you give Nay Lin?

Notes:

**May Zin**

Why does May Zin describe her lesson as a 'disaster'? Underline the problems.

What advice would you give her?

Notes:



**နေလင်း**

စာသင်ခန်းအသီးသီးတွင် တူညီသော စာသင်နှုန်း၊ သင်ကြားရေးပစ္စည်းနှင့် သင်ရိုးညွှန်းတမ်းတို့ဖြင့် သင်နိုင်ပါမည်လား။ အဘယ်ကြောင့်နည်း။

နေလင်းနှင့်အလားတူပြဿနာများကြုံဖူးပါသလား။

နေလင်းကိုမည်သို့အကြံပေးလိုပါသနည်း။

မှတ်စု

**မေဇင်**

မေဇင်က သူမသင်ခန်းစာအား အလုံးစုံပျက်စီးခြင်း (disaster)ဟု အဘယ်ကြောင့်ဆိုပါသနည်း။ ပြဿနာများကို မျဉ်းသားပါ။ မည်သို့အကြံပေးလိုပါသနည်း။

မှတ်စု

## 3.2 IDEAS FOR COLLABORATION

Look at some of the ways small groups of TEs can work together.
Match the ideas for collaborative activities (A – D) with the benefits (1 – 4).

| | |
|---|---|
| **A. Teaching plans and ideas exchange**<br>Discuss ways to teach future lessons or best use a particular textbook unit with a colleague. | **BENEFIT:** |
| **B. Peer-to-peer micro-teaching practice**<br>Choose a difficult part of a future lesson to practise teaching with a small group of colleagues who act as STs. Discuss and reflect on what worked well and what didn't. | **BENEFIT:** |
| **C. In the shoes of my learners**<br>Choose a difficult task in a future lesson to complete together with colleagues within a strict time limit. Work in pairs or small groups and discuss, read, listen, write etc as if you are a ST. Stay in this role. Discuss and reflect on what wasn't clear about the instructions or the activity. | **BENEFIT:** |
| **D. Playback**<br>Choose a problematic or difficult behaviour that you have experienced with a particular ST or a particular class. Explain the situation to your colleague and then ask them to role play you, copying what you said / did in the situation. You role play the ST(s). What did they say / do? What exactly caused the problem? Discuss and reflect on other options for future lessons e.g. clearer instructions, different groups, better classroom management strategies. | **BENEFIT:** |

**Benefit 1:** When you do the tasks and answer the questions before you teach the lesson, you will be able to **identify problems and think about possible solutions.**

**Benefit 2:** When you practise explaining and answering difficult questions before you teach, your **confidence will increase** and it will be easier to answer these questions in class.

**Benefit 3:** When you replay and reflect on what exactly happened in a difficult situation, this can help you to **see the world 'from another's shoes'**. You can see the **better understand the situation** and develop empathy without the emotions that conflict can bring.

**Benefit 4:** A different perspective on a lesson plan or resource can help you to see problems and **anticipate classroom management problems or teaching problems** and think of a solution.



## ၃.၂ ပူးပေါင်းဆောင်ရွက်မှုအတွက် အတွေးအမြင်များ

ဆရာအတတ်သင်ဆရာ/မများအုပ်စုငယ်ဖွဲ့ပြီး ဆောင်ရွက်နိုင်သော လုပ်ဆောင်ပုံအချို့ကိုကြည့်ပါ။
ပူးပေါင်းလုပ်ဆောင်ချက်အတွက် အတွေးအမြင်(A-D) တို့ကို အကျိုးကျေးဇူး (၁-၄)ဖြင့် တွဲပေးပါ။

| | |
|---|---|
| **A. သင်ကြားရေးအတွက် အစီအစဉ်များနှင့် အတွေးအမြင်များဖလှယ်ခြင်း**<br>နောင်သင်ခန်းစာများ သင်ကြားနည်းကို ဆွေးနွေးပါ သို့မဟုတ် ဖတ်စာမှ ယူနစ်တစ်ခုကို လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် အကောင်းဆုံးအသုံးပြုပါ။ | အကျိုးကျေးဇူး |
| **B. အချင်းချင်း micro-teaching လုပ်ခြင်း (အုပ်စုဖွဲ့လက်တွေ့သင်ကြားခြင်း)**<br>နောင်သင်ကြားမည့်သင်ခန်းစာတစ်ခုမှ ခက်ခဲသည့်အပိုင်းတစ်ပိုင်းကိုရွေးပြီး လုပ်ဖော်ကိုင်ဖက်တစ်စုမှ ကျောင်းသူ/သား လုပ်ကာ လေ့ကျင့်သင်ကြားပါ။ အဆင်ပြေခဲ့/ မပြေခဲ့သည်များကို ဆွေးနွေးပြီး ပြန်လည်သုံးသပ်ပါ။ | အကျိုးကျေးဇူး |
| **C. မိမိ၏ တပည့်များကိုယ်စား**<br>နောင်သင်ကြားမည့်သင်ခန်းစာတစ်ခုမှ ခက်ခဲသည့်လုပ်ဆောင်ချက်တစ်ခုကိုရွေးပြီး လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့်အတူလုပ်ပါ။ နှစ်ယောက်တွဲ သို့မဟုတ် အဖွဲ့ငယ်များဖွဲ့ပြီး ဆရာအတတ်ပညာသင် ကျောင်းသူ/သားကဲ့သို့ဆွေးနွေးခြင်း၊ ဖတ်ကြားခြင်း၊ နားထောင်ခြင်း၊ ရေးသားခြင်း စသည်တို့ကို လုပ်ဆောင်ပါ။ မည်သည့်ညွှန်ကြားချက်၊ မည်သည့်လုပ်ဆောင်ချက်က မရှင်းကြောင်း ဆွေးနွေးပြီး ပြန်လည်သုံးသပ်ပါ။ | အကျိုးကျေးဇူး |
| **D. ပြန်လည်သရုပ်ဆောင်ပြခြင်း**<br>ကျောင်းသူ/သားတစ်ယောက် သို့မဟုတ် အတန်းတစ်တန်းအတွင်း ကြုံခဲ့ရသည့် အထူးခက်ခဲ့သော သို့မဟုတ် ပြဿနာရှိသော အပြုအမူတစ်ခုကို ရွေးချယ်ပါ။ အခြေအနေကို လုပ်ဖော်ကိုင်ဖက်အား ရှင်းပြပြီး ၎င်းမှ မိမိ(ဆရာ/မ) အသွင် မိမိပြောခဲ့လုပ်ခဲ့သည်များကို သရုပ်ဆောင်ပါစေ။ မိမိက ကျောင်းသားနေရာမှ သရုပ်ဆောင်ပါ။ ကျောင်းသူ/သားများမှဘာပြောခဲ့ ဘာလုပ်ခဲ့ပါသနည်း။ ဘယ်အချက်က ပြဿနာဖြစ်စေခဲ့ သနည်း။ နောင်သင်ကြားမည့်သင်ခန်းစာများအတွက် အခြားလုပ်ဆောင်ဖွယ်များကို ဆွေးနွေးပြီးပြန်လည် သုံးသပ်ကြပါ။ ဥပမာ ပိုမိုရှင်းလင်းသည့်ညွှန်ကြားချက်၊ အတန်းပြောင်းသင်ခြင်း၊ ပိုမိုကောင်းမွန်သည့်အတန်းထိန်းနည်း။ | အကျိုးကျေးဇူး |

အကျိုးကျေးဇူး ၁ - သင်ခန်းစာမသင်မီလုပ်ဆောင်ချက်လုပ်ခြင်း၊ မေးခွန်းများဖြေခြင်းဖြင့် ပြဿနာများဖော်ထုတ်နိုင်ပြီး ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းချက်များကိုလည်း စဉ်းစားနိုင်ပါမည်။

အကျိုးကျေးဇူး ၂ - မသင်ကြားမီ ခက်ခဲသည့် မေးခွန်းများကို ရှင်းပြပုံ၊ ဖြေကြားပုံကို ကြိုတင်လေ့ကျင့်ထားလျှင် မိမိကိုယ်မိမိ ယုံကြည်မှုတိုးတက်လာပြီး အတန်းထဲတွင်မေးခွန်းများကို ပိုမိုလွယ်ကူစွာ ဖြေကြားနိုင်ပါမည်။

အကျိုးကျေးဇူး ၃ - ခက်ခဲသည့်အခြေအနေတစ်ရပ်တွင် ဖြစ်ပျက်ခဲ့သည်များကို ပြန်တွေး၊ ပြန်လည်သုံးသပ်သည့်အခါ လောကကြီးကို အခြားသူများဖက်မှရှုမြင်လာနိုင်ပါမည်။ အခြေအနေကိုပိုမိုကောင်းမွန်စွာ နားလည်လာနိုင်ပြီး ပြဿနာကြောင့် ပေါ်ပေါက်လာနိုင်သည့် ခံစားချက်များ မဖြစ်တော့ဘဲ ကိုယ်ချင်းစာနာစိတ်ဖြစ်လာနိုင်ပါသည်။

အကျိုးကျေးဇူး ၄ - သင်ခန်းစာအစီအစဉ်နှင့် အရင်းအမြစ်အပေါ် နောက်အမြင်တစ်မျိုးဖြင့် ကြည့်ရှုသည့်အခါ ပြဿနာကို သိမြင်စေနိုင်ကာ အတန်းထိန်းသည့်ပြဿနာ၊ သင်ကြားရေးပြဿနာများကို ကြိုတွေးပြီး အဖြေရှာနိုင်ပါသည်။

## 3.3 REFLECTION

Look at the four collaborative activities described above.

1. Which of these things:
    a. already happen in your EDC
    b. could happen in your EDC
    c. would never happen in your EDC?

2. Which of these activities would you like to take part in? Circle the activities on your list.

3. Could these activities be included in regular meetings with you Head of Department?

4. How do these collaborative CPD activities benefit:
    - individual TEs
    - STs
    - EDCs?

Notes:



## ၃.၃ ပြန်လည်သုံးသပ်ခြင်း

အထက်ပါပူးပေါင်းဆောင်ရွက်သည့် လုပ်ဆောင်ချက်လေးခုကိုကြည့်ပါ။

၁. မည်သည့်လုပ်ဆောင်ချက်က
    a. မိမိ ကောလိပ်တွင်လုပ်ပြီးဖြစ်ပါသနည်း
    b. မိမိ ကောလိပ်တွင် လုပ်နိုင်ပါသနည်း
    c. မိမိ ကောလိပ်တွင် မည်သည့်အခါမျှ မလုပ်နိုင်ဖြစ်ပါမည်နည်း

၂. မည်သည့်လုပ်ဆောင်ချက်တွင် ပါဝင်လိုပါသနည်း။ စက်ဝိုင်း ဝိုင်းပေးပါ။

၃. ဌာနမှူးနှင့် ပုံမှန်အစည်းအဝေးတွင် ဤလုပ်ဆောင်ချက်များ ထည့်သွင်းနိုင်ပါသလား။

၄. အောက်ပါတို့အား ဤပူးပေါင်းဆောင်ရွက်မှုများက မည်သို့အကျိုးဖြစ်ထွန်းစေပါမည်နည်း။
    - ဆရာ/မတစ်ဦးချင်း
    - ကျောင်းသူ/သားတစ်ဦးချင်း
    - ပညာရေးကောလိပ်များ

မှတ်စု

## 4. PRACTICAL APPLICATION

Reflecting on the ideas that could happen in your EDC will help you identify ways you can work together with your colleagues and Head of Department.

Choose one of the CPD ideas A – C to try out with colleagues. These activities help to improve your teaching at the planning stage through peer-teaching and discussion.

**A. Teaching plans and ideas exchange**

Discuss ways to a teach future lesson or how to use a particular unit from your textbook with a colleague.

**B. Peer-to-peer micro-teaching practice**

Choose a difficult part of a future lesson to practise teaching a colleague, who play the role of your STs. Discuss what worked well and what didn't.

**C. In the shoes of my learner**

Choose one difficult task in a future lesson to complete together with colleagues with a strict time limit. Work in a pair or small group and discuss, read, listen or write as if you are a ST. Stay in this role and reflect on what wasn't clear about the instructions, interaction or activity.

Make notes of the lesson you prepared for to help you reflect on how your preparation and practice helped.

Notes:



## ၄. လက်တွေ့အသုံးချခြင်း

မိမိကျောင်းတွင် ဖြစ်နိုင်သည်များကို ပြန်လည်သုံးသပ်ခြင်းဖြင့် လုပ်ဖော်ကိုင်ဖက်၊ ဌာနမှူးများနှင့် အတူလုပ်ကိုင်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်စေနိုင်ပါမည်။

လုပ်ဖော်ကိုင်ဖက်များနှင့် စမ်းလုပ်ကြည့်ရန် CPD A-C မှတစ်ခုကိုရွေးချယ်ပါ။ အချင်းချင်း လေ့ကျင့်သင်ကြားခြင်း၊ ဆွေးနွေးခြင်းတို့ဖြင့် သင်ခန်းစာအစီအစဉ်ဆွဲသည့် အဆင့်တွင် မိမိသင်ကြားရေးကို တိုးတက်စေနိုင်ပါသည်။

**A. သင်ကြားရေးအစီအစဉ်များနှင့် အတွေးအမြင်ဖလှယ်ခြင်း**

လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် နောင်သင်ခန်းစာတစ်ခု သင်ကြားနည်း၊ ဖတ်စာမှယူနစ်တစ်ခုကို အသုံးချနည်းများဆွေးနွေးပါ။

**B. အချင်းချင်း အဖွဲ့ခွဲပြီးလက်တွေ့သင်ကြားခြင်း (micro-teaching )**

လုပ်ဖော်ကိုင်ဖက်တစ်ဦးအား ကျောင်းသူ/သားများလုပ်စေပြီး နောင်သင်ခန်းစာတစ်ခုမှ ခက်ခဲသည့်အပိုင်းကို ရွေးချယ် လေ့ကျင့်သင်ကြားပါ။ အဆင်ပြေခဲ့၊မပြေခဲ့သည်များကို ဆွေးနွေးပါ။

**C. ကလေးများကိုယ်စား**

နောင်သင်ခန်းစာတစ်ခုမှ ခက်ခဲသည့်အပိုင်းတစ်ပိုင်းကို အချိန်အကန့်အသတ်ဖြင့် လုပ်ဖော်ကိုင်ဖက်များနှင့် အတူတကွ သင်ကြားရန် ရွေးချယ်ပါ။ နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုဖွဲ့ပြီး ကျောင်းသူ/သားတစ်ယောက်အလား ဆွေးနွေး၊ ဖတ်ကြား၊ နားထောင်၊ ရေးသားပါ။ ညွှန်ကြားချက်၊ ခွန်းတုံ့ခွန်းပြန်ပြောဆိုမှု၊ လုပ်ဆောင်ချက်တို့တွင် မည်သည်က မရှင်းလင်းခဲ့ကြောင်း ကလေးများအနေဖြင့် ပြန်လည်သုံးသပ်ပါ။

မိမိ၏ ပြင်ဆင်မှု၊ လေ့ကျင့်မှုမှ သင်ခန်းစာကို မည်ကဲ့သို့ အထောက်အကူပြုခဲ့ကြောင်း မှတ်စုရေးပါ။

မှတ်စု

## 5. REFLECTION

1. How did the activity help your actual teaching? How did the STs respond to the lesson?
2. What teaching skills or understanding have you developed? (link to CPD FW)

Notes:



## ၅. ပြန်လည်သုံးသပ်ခြင်း

၁. လက်တွေ့သင်ကြားရာတွင် လုပ်ဆောင်ချက်မှ မည်ကဲ့သို့ အထောက်အကူ ပြုခဲ့ပါသနည်း။ သင်ခန်းစာကို ကျောင်းသူ/သားများ မည်ကဲ့သို့ တုံ့ပြန်ပါသနည်း။

၂. မည်သည့်သင်ကြားရေးစွမ်းရည်၊ မည်သည့် နားလည်မှုများတိုးတက်ခဲ့ပါသနည်း။
(CPD အညွှန်းဘောင်နှင့် ချိတ်ဆက်ရန်)

မှတ်စု

## APPENDIX A:

From CPD Framework for Education Colleges in Myanmar

**Chapter 3 PROFESSIONAL DEVELOPMENT PROGRAMMES**

The EDCs are staffed by senior managers, administration and finance staff and teacher educators. The CPD framework covers all areas of professional development for all categories of staff. Some of the CPD programmes will be appropriate for all staff whilst others will be designed for staff in specific posts. Raising awareness on the purpose of CPD and building a commitment to it are important steps for rolling out effective CPD programmes. Table A below lists the various types of CPD that will be implemented with an indication of the categories of staff who will participate in each type of CPD.

Table A PROFESSIONAL DEVELOPMENT PROGRAMMES BY CATEGORIES OF STAFF

| | Senior Management | Teacher Educators | Administration and Finance |
|---|---|---|---|
| Support for Educational Reforms | √ | √ | |
| Upgrading Academic Qualifications | √ | √ | √ |
| Upgrading English Language Skills | √ | √ | √ |
| Upgrading ICT Skills | √ | √ | √ |
| Upgrading Pedagogical Skills | √ | √ | |
| Developing Research Skills | √ | √ | |
| Developing Leadership and Management Skills | √ | | |
| Developing Administration and Finance Skills | √ | | √ |
| Development of Specialist Skills | √ | √ | |
| Equity and Inclusive Education | √ | √ | √ |
| Orientation on CPD | √ | √ | √ |



## နောက်ဆက်တွဲ (က)

မြန်မာနိုင်ငံပညာရေးကောလိပ်များအတွက် CPD အညွှန်းဘောင်ကို မှီငြမ်းသည်။

**အခန်း ၃ - လုပ်ငန်းအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်**

အကြီးတန်းစီမံခန့်ခွဲသူ၊ စီမံဆောင်ရွက်သူ၊ ဘဏ္ဍာရေးဝန်ထမ်းနှင့် ဆရာ/မများ ပညာရေးကောလိပ်တွင် အမှုထမ်းကြပါသည်။ ဝန်ထမ်းအမျိုးအစားအားလုံးအတွက် လုပ်ငန်းအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုရေးနယ်ပယ် အားလုံးသည် CPD အညွှန်းဘောင်တွင် အကျုံးဝင်ပါသည်။ အချို့CPD အစီအစဉ်များက ဝန်ထမ်းအားလုံးအတွက် သင့်တော်သော်လည်း အခြား အစီအစဉ်များကို အချို့ရာထူးများအတွက် သီးသန့်ချမှတ်ထားပါသည်။ CPD အစီအစဉ်များထိထိရောက်ရောက် ဖော်ဆောင်ရာတွင် အစီအစဉ်၏ရည်ရွယ်ချက်ကို သတိမူလာစေရန်နှင့် အလေးအနက်ထားအကောင်အထည်ဖော်ရန်မှာ အရေးကြီးသည့် ခြေလှမ်းများဖြစ်ပါသည်။ အောက်ပါဇယား က တွင် ဖော်ဆောင်မည့် CPD အမျိုးအစားများနှင့် တစ်မျိုးစီတွင် ပါဝင်မည့် ဝန်ထမ်းအမျိုးအစားများ ပေးထားပါသည်။

ဇယား က ဝန်ထမ်းအမျိုးအစားအလိုက် လုပ်ငန်းအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ

| | အကြီးတန်းစီမံခန့်ခွဲသူများ | ဆရာအတတ်သင် သင်တန်းဆရာ/မများ | စီမံဆောင်ရွက်ရေးနှင့် ဘဏ္ဍာရေး |
|---|---|---|---|
| ပညာရေးပြုပြင်ပြောင်းလဲမှု အတွက် ပံ့ပိုးခြင်း | √ | √ | |
| ပညာအရည်အချင်း မြှင့်တင်ခြင်း | √ | √ | √ |
| အင်္ဂလိပ်ဘာသာစကား စွမ်းရည် မြှင့်တင်ခြင်း | √ | √ | √ |
| ICT ကျွမ်းကျင်မှုမြှင့်တင်ခြင်း | √ | √ | √ |
| သင်ကြားရေးစွမ်းရည် မြှင့်တင်ခြင်း | √ | √ | |
| သုတေသနစွမ်းရည်ဖွံ့ဖြိုးရေး | √ | √ | |
| ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရေး | √ | | |
| စီမံဆောင်ရွက်မှုနှင့်ဘဏ္ဍာရေးစွမ်းရည်ဖွံ့ဖြိုးရေး | √ | | √ |
| အထူးပြုစွမ်းရည်ဖွံ့ဖြိုးရေး | √ | √ | |
| သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်သည့် ပညာရေး | √ | √ | √ |
| CPDကို ကနဦးမိတ်ဆက်ခြင်း | √ | √ | √ |

## REFERENCES


Borg, S. (2015) *Contemporary perspectives on continuing professional development.* Paper written for British Council

British Council Teaching for Success Self-Study Guide: *Taking responsibility for professional development* Available online at: https://bit.ly/PPPTRPD7

British Council. *Teaching for Success: Understanding CPD*

British Council, Education in Focus: South Asia podcast series, Episode 8: In-Service Teacher Development. Available online at: https://www.listennotes.com/podcasts/education-in-focus/episode-8-in-service-teacher-HSYx-nmFj95/

CPD Framework for Education Colleges in Myanmar

Walter C and Briggs, J. (2012) What Professional Development makes the Most Difference to Teachers? Oxford University Press. Available online at: www.education.ox.ac.uk/wordpress/wp-content/uploads/2010/07/WalterBriggs_2012_TeacherDevelopment_public_V2.pdf

Funded by:

Implemented by:

© Except for third party material, these resources are licensed under a Creative Commons attribution Non-commercial (CC-BY-NC) licence 4.0. This authorises anyone to use these materials as long as they are not used for a commercial purpose and that the following attribution is applied 'These materials were produced as part of the TREE project led by the British Council and funded by FCDO / UKAid. The original materials can be found at *https://www.britishcouncil.org.mm/tree'*